# သာမန်ကာလ (၂၇)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာကု ၁၀း၂-၁၆

ယနေ့ဖတ်ရတဲ့ ကမ္ဘာဦးကျမ်း အခန်းကြီး ၂ ထဲမှာ ဘုရားသခင်က မိန်းမကို ဖန်ဆင်းပုံက တစ်ခြား သတ္တဝါတွေကို ဖန်ဆင်းပုံနဲ့ မတူဘူး။ တစ်ခြား သတ္တဝါတွေကို ဖန်ဆင်းပုံက ဘာကိုမျှ အသုံးမပြုပဲ ဖန်ဆင်းပေမဲ့ မိန်းမကို ဖန်ဆင်းတဲ့အခါကျတော့ ယောကျ်ားရဲ့ နံရိုးကို ထုတ်ယူပြီး ယောကျ်ားနံရိုးကို အခြေတည်ပြီး မိန်းမကို ဖန်ဆင်းတော်မူပါတယ်။

အဲဒီလို ယောကျ်ားနံရိုးမှတစ်ဆင့် မိန်းမကို ဖန်ဆင်းထားတာကို ကြည့်ခြင်းအားဖြင့် လက်ထပ်ခြင်းမှာ ယောကျ်ားနဲ့ မိန်းမဟာ အရင်တုန်းကလို နှစ်ယောက် မဟုတ်တော့ပဲ သူတို့ နှစ်ယောက်ဟာ တစ်သားတည်း တစ်ကိုယ်တည်း ဖြစ်လာကြပါတယ်။ တစ်ယောက်တည်း ဖြစ်လာကြတဲ့သဘောပါ။ ဒါကြောင့် လက်ထပ်တဲ့အချိန်ကစပြီး တစ်စိတ်တစ်သဘောတည်း ဖြစ်အောင် နေထိုင်ရပါမယ်။ ဘုရားသခင် ကိုယ်တော်တိုင်ကလည်း လက်ထပ်ထိမ်းမြားခြင်းဖြင့် တစ်သားတစ်ကိုယ်တည်း အဖြစ်ကို အလေးထားတော်မူပါတယ်။ ဒါကြောင့် ယောကျ်ားနဲ့မိန်းမရဲ့ လက်ထပ်ပွဲဟာ မြေကြီးပေါ်မှာ ကျင်းပတဲ့ပွဲဖြစ်ပေမဲ့ ကောင်းကင်ဘုံက အသိအမှတ်ပြုတဲ့ပွဲလည်း ဖြစ်ပါတယ်။ ဘုရားရှေ့မှာ ဂတိသစ္စာပြုကြတဲ့ပွဲပါပဲ။ ဒါကြောင့် ယေဇူးဘုရားရှင်က “ဘုရားသခင် ဖက်စပ်သောအရာကို လူသည် မခွဲခွါစေနှင့်” လို့ မိန့်တော်မူထားပါတယ်။

သင်ဟာ လက်ထပ်လိုက်တဲ့အခါ သင့်အိမ်ထောင်ဖက်နဲ့ ဘဝလက်တွဲဖော် ဖြစ်ရုံတင်မကဘူး၊ တစ်သားတစ်ကိုယ်တည်း ဖြစ်နေလို့ ခွဲလို့တောင် မရပါဘူး။ သင်တို့နှစ်ယောက်က တစ်သားတစ်ကိုယ်တည်း ဖြစ်နေလို့ တစ်ယောက်အတွက် တစ်ယောက် ပေးဆပ်အနစ်နာခံစရာ

လိုပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်ဟာ မရှိမဖြစ် အရေးပါနေလို့ ကျား/မ အဆင့်အတန်း ခွဲခြားစရာအကြောင်း မရှိပါဘူး။

ဘယ်လူမျိုး ၊ ဘယ်လို ဓလေ့ထုံးစံတွေပဲ ရှိရှိ ဘုရားသခင် ဖက်စပ်သောအိမ်ထောင်စုကို မခွဲခွါစေရပါဘူး။ ဒါကြောင့်လည်းပဲ "ယောကျ်ားသည် မိမိ၏အမိနှင့် အဖတို့ကို စွန့်ခွါ၍မိမိ၏ဇနီးနှင့် ပေါင်းသင်းနေထိုင်ရလိမ့်မည်။" ယောကျ်ားက အိမ်ထောင်ဦးစီးပီပီ တစ်မိသားစုလုံးအတွက် အသက်စွန့်ရရင်တောင် အနစ်နာခံပြီး ချစ်ရပါမယ်။ လင်ခင်ပွန်း အိမ်ထောင်ဦးစီးတွေကို ရှင်ပေါလူးက ဘယ်လိုဆုံးမထားသလဲဆိုရင် "ခင်ပွန်းသည်တို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူ၍ အသင်းတော်အတွက် မိမိကိုယ်ကို ဆက်ကပ်ပူဇော်တော်မူသကဲ့သို့ သင်တို့သည်လည်း သင်တို့၏ဇနီးများကို ချစ်ကြလော့" (ဧဖက်ဆု ၅း၂၅) ။ ဒါကြောင့် အိမ်ထောင်ဦးစီး ပီသကြပါစေ။ "ငါက အိမ်ထောင်ဦးစီး၊ အားလုံး ငါ့စကားကို နားထောင်ကြ" လို့ အာဏာပြရတာ မဟုတ်ပါဘူး။ တစ်မိသားစုလုံးအတွက် အနစ်နာခံ အပေးဆပ်ဆုံး အိမ်ထောင်ဦးစီး ဖြစ်ရပါမယ်။

ဆက်လက်ပြီး ရှင်ပေါလူး ဆုံးမထားတာက "ကိုယ်တော်သည် အသင်းတော်ကို မိမိကိုယ်တော်တိုင်အတွက် သိမ်းပိုက်တော်မူရာတွင် အသင်းတော်သည် အညစ်အကြေးမရှိ၊ အစွန်းအကွက် မရှိပဲ သန့်ရှင်း၍ အပြစ်ကင်းစင်လျက် ဂုဏ်ကျက်သရေနှင့် ပြည့်စုံနေစေရန်ဖြစ်၏။" တဲ့။ သူက တစ်မိသားစုလုံးကို အပြစ်ကင်းစေအောင်၊ ဂုဏ်ကျက်သရေရှိစေအောင် ဂရုစိုက်ပေးဖို့ တာဝန်ရှိပါတယ်။ လူတိုင်းက ကိုယ့်ကိုယ်ကို ချစ်တတ်ကြတယ်။ ကိုယ့်ကိုယ်ကို ပြုစုတတ်ကြတယ်။ ကိုယ့်ကိုယ်ကို အရေးပေးတတ်ကြတယ်။ ကိုယ့်ခင်ပွန်းကလည်း ကိုယ့်ကိုယ်ကိုလိုပဲ တစ်သားတစ်ကိုယ်တည်း အတူရှိနေတာကြောင့်

ကိုယ့်ခန္ဓာကို ကျွေးမွေးပြုစုသလို ကိုယ့်ခင်ပွန်းကို ချစ်ရပါမယ်။

ဒါကို ဖါရီဇေဦးတွေက လင်မယား ကွာရှင်းပြတ်စဲခြင်းကို တရားဝင်ချင်ကြတယ်။ လက်ထပ်ထိမ်းမြှားခြင်းမှာ ဘုရားက ဘယ်လိုဖြစ်စေချင်တာလဲဆိုတာကို မရှာဖွေကြဘူး။ ဘုရားက လက်ထပ်ခြင်းဟာ ထာဝရပါ။ ထာဝရအချစ်ပဲ ဖြစ်ရပါမယ်။ အဆင်မပြေတဲ့အခါ ကွာရှင်းလိုက်မယ်ဆိုတဲ့စိတ်ထားနဲ့ လက်မထပ်ပါနဲ့။

ယေဇူးဘုရားရှင်က "မည်သူမဆို မိမိဇနီးနှင့် ကွာရှင်း၍ အခြားတစ်ယောက်နှင့် ပေါင်းသင်းလျှင် မိမိဇနီးအပေါ် ဖောက်ပြန်ရာရောက်၏။ ဇနီးဖြစ်သူသည်လည်း မိမိ၏ခင်ပွန်းနှင့် ကွာရှင်း၍အခြားတစ်ယောက်နှင့် ပေါင်းသင်းလျှင် သူမသည် ဖောက်ပြန်ရာရောက်သည်" လို့ မိန့်တော်မူပါတယ်။ သံယောဟန်ဗတ္တိစတားက ဟေရုဒ်ဘုရင်ကို အဲ့လို မကွာရှင်းဖို့၊ နောက်အိမ်ထောင်မပြုဖို့ တားမြစ်တဲ့အတွက်ကြောင့် နောက်ဆုံး အသတ်ခံရတယ် မဟုတ်လား။ ဒါကို ယေဇူးဘုရားရှင်က ကြောက်မနေပါဘူး။ လက်ထပ်ထိမ်းမြှားခြင်းမှာ ဘုရားက အကြင်လင်မယားကို ဘုရားသခင်ရဲ့အလိုတော်နဲ့အညီ ဘယ်လိုနေထိုင်ရမလဲ ဆိုတာကို မိန့်တော်မူပါတယ်။

အိမ်ထောင်သည်အဖြစ် ဘုရားက ခေါ်တော်မူတာပဲဖြစ်ဖြစ်၊ ရဟန်း သီလရှင်အဖြစ် ခေါ်တော်မူတာပဲဖြစ်ဖြစ် ချစ်ဖို့ ခေါ်တာချည်းပါပဲ။ Vocation to love ဒါကြောင့် ကိုယ့်ဘဝ တသက်တာလုံး သူတပါးကို ချစ်ဖို့ ဘုရားက သင့်ကို နေ့တိုင်း ခေါ်နေပါတယ်။ အခက်အခဲ ဒုက္ခအကြားမှာ တစ်ယောက်ကိုတစ်ယောက် ချစ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဘုရားနဲ့ ပေါင်းစပ်နေတဲ့သူ၊ ဆုတောင်းပြီး ဘုရားကို အစဉ်အမြဲ သတိယနေတဲ့သူ ဆိုရင် ချစ်နိုင်တဲ့ခွန်အားတွေ ရရှိပါလိမ့်မယ်။ ဘုရား ချစ်တာကို ခံစားမိရင် လွယ်လွယ်လေးဖြစ်သွားမှာပါ။

နားဆင်သူအားလုံးအပေါ်  ဘုရားသခင့်ကောင်းချီးမင်္ဂလာများ ခံစားကြရပါစေ။